ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

ရုံးတွင်းညွှန်ကြားလွှာအမှတ် (၃၃/ ၂၀၁၉)

အကြောင်းအရာ။ Completely Knocked Down ၊ Semi Knocked Down မော်တော်ယာဉ် အစိတ်အပိုင်းများအား စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းစဉ် ထုတ်ပြန်ခြင်း

၁။ Completely Knocked Down ၊ Semi Knocked Down မော်တော်ယာဉ်အစိတ်အပိုင်းများအား စစ်ဆေးမှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ကုမ္ပဏီနှင့်အကောက်ခွန်ဝန်ဆောင်မှုဆောင်ရွက်သည့်အေဂျင်စီများ

(၁) ကုမ္ပဏီမှ သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် သက်ဆိုင်ရာဆိပ်ကမ်း (သို့မဟုတ်) ကုမ္ပဏီ၏ဂိုဒေါင် မည်သည့်နေရာတွင် စစ်ဆေးမှုခံယူလိုကြောင်း တင်ပြရမည်။ Import Declaration တင်သွင်းချိန်တွင် IDA ၏ Note 1 အကွက်တွင် လို/တို/ရှင်း (ဥပမာ- ဆိပ်ကမ်းတွင် စစ်ဆေးမှုခံယူလိုပါသည်/ ဖြင်ပတွင် အဖွဲ့ဖြင့် စစ်ဆေးမှုခံယူလိုပါသည်) စသည်ဖြင့် ဖြည့်စွက်ရမည်။

(၂) စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်စွာတင်ပြနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ပေးရမည်။

(၃) တင်သွင်းမော်တော်ယာဉ်အစိတ်အပိုင်းများအား ဆိပ်ကမ်းမှ ရှင်းလင်းထုတ်ယူသည့်အခါ ကျသင့်အခွန်အရပ်ရပ်ပေးဆောင်နိုင်ရန် လုံလောက်သည့်ငွေပမာဏကို သုံးစွဲမည့် Deposit Account တွင် ကြိုတင်ဖြည့်သွင်းထားရမည်။

(၄) ကုမ္ပဏီ၏ဂိုဒေါင်သို့သယ်ယူပြီး စစ်ဆေးမှုဆောင်ရွက်ခြင်းဖြစ်ပါက အကောက်ခွန်စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ လွယ်ကူချောမွေ့စေရန် လုံလောက်သော ယာဉ်/ ယန္တရား၊ ပစ္စည်း စစ်ဆေးရန် လုံလောက်သော နေရာ အကျယ်အဝန်းနှင့် အလုပ်သမားများ စီစဉ်ထားရှိရမည်။

(ခ) အကောက်ခွန်ဦးစီးဌာန

(၁) ကုမ္ပဏီမှ သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် သက်ဆိုင်ရာဆိပ်ကမ်းတွင်သာ စစ်ဆေးမှုခံယူလိုကြောင်း တင်ပြလာခြင်းဖြစ်လျှင် –

(ကက) သက်ဆိုင်ရာ ရာဖြတ်လုပ်ငန်းစုသည် CKD ၊ SKD စနစ်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်အစိတ်အပိုင်းများနှင့် ပတ်သက်သည့် သွင်းကုန်ကြေညာလွှာ၊ Bill of Lading, MIC Permit, Import

Scanned with CamScanner

License, Invoice, Detail Packing List စသည့် စာရွက်စာတမ်း အထောက်အထားများအား စစ်ဆေး၍ မှန်ကန်ပါက ကျသင့်အခွန် အရပ်ရပ်ကို စည်းကြပ်မှုပြုလုပ်ပြီး ညွှန်ကြားရေးမှူးထံ ခွင့်ပြုချက် တင်ပြရန်မလိုဘဲ CKO Service ဆောင်ရွက်ပေးရမည်။

(ခခ) သက်ဆိုင်ရာဆိပ်ကမ်းရှိ တာဝန်ခံအရာရှိက ထုတ်သွင်း/ စစရ/ ကာ တို့ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အဆိုပါ စစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ကြေညာလွှာနှင့်အတူ ပူးတွဲပါရှိ သည့် Bill of Lading, Invoice, Detail Packing List, Stuffing Order စသည့်စာရွက်စာတမ်းများအရ တိုက်ဆိုင်စစ်ဆေးရမည်။

(ဂဂ) မျက်မြင်ဖွင့်ဖောက် စစ်ဆေးချက်များအရ ကိုက်ညီမှန်ကန်မှုရှိပါက EO Note Down ကို ရှင်းလင်းမှန်ကန်စွာရေးသား၍ စစ်ဆေးရေး အဖွဲ့ဝင်များမှ လက်မှတ်ရေးထိုးပြီးနောက် အဖွဲ့ဝင် EO က CEA Service ဆောင်ရွက်ပေးရမည်။

(ဃဃ) ထို့နောက် Release Order ရရှိပါက စစ်ဆေးပြီးသည့် Container များအား Import Metal Seal ခပ်နှိပ်၍ ဆိပ်ကမ်းမှ ထုတ်ယူခွင့်ပြု ရမည်။

(ငင) IL, ID ပါ ဖော်ပြထားချက်များနှင့် ကိုက်ညီမှန်ကန်မှုမရှိဘဲ တင်သွင်း လာကြောင်း စစ်ဆေးတွေ့ရှိပါက အကောက်ခွန်ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်၍ ဆက်လက်ဆောင်ရွက်ရ မည်။

(စစ) စစ်ဆေးတွေ့ရှိချက်များအား ဓာတ်ပုံမှတ်တမ်းများနှင့်အတူ File Folder ကို သက်ဆိုင်ရာ ID No. ဖြင့် File name ပြုလုပ်၍ Data Warehouse စနစ်တွင် ထည့်သွင်းမှတ်တမ်းတင်ထားရှိရမည်။

(၂) ကုမ္ပဏီမှ သွင်းကုန်ကြေညာလွှာတင်သွင်းချိန်တွင် သက်ဆိုင်ရာ ကုမ္ပဏီ၏ ဂိုဒေါင်သို့သယ်ယူပြီး စစ်ဆေးမှုခံယူလိုကြောင်း တင်ပြလာခြင်းဖြစ်လျှင် –

(ကက) သက်ဆိုင်ရာ ရာဖြတ်လုပ်ငန်းစုသည် CKD ၊ SKD စနစ်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်အစိတ်အပိုင်းများနှင့် ပတ်သက် သည့် သွင်းကုန်ကြေညာလွှာ၊ Bill of Lading, MIC Permit, Import License, Invoice, Detail Packing List စသည့် စာရွက် စာတမ်းအထောက်အထားများအား စစ်ဆေး၍မှန်ကန်ပါက ကျသင့် အခွန်အရပ်ရပ်ကို စည်းကြပ်မှုပြုလုပ်ပြီး ညွှန်ကြားရေးမှူး (ထ/သ) ထံမှ ပြင်ပစစ်အတွက် ခွင့်ပြုချက်ရယူပြီး CKO Service ဆောင်ရွက် ပေးရမည်။



Scanned with CamScanner

(ခခ) သက်ဆိုင်ရာဆိပ်ကမ်းရှိ တာဝန်ခံအရာရှိက ထုတ်သွင်း/ စစရ/ ကာတို့ပါဝင်သည့် ပြင်ပစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အဆိုပါ စစ်ဆေးရေးအဖွဲ့သည် သွင်းကုန်ကြေညာလွှာနှင့်အတူ ပူးတွဲပါရှိသည့် Bill of Lading, Invoice, Detail Packing List, Stuffing Order စသည့်စာရွက်စာတမ်းများအရ တိုက်ဆိုင်စစ်ဆေး၍ မှန်ကန်ပါက အဖွဲ့ဝင် EO က CEA Service ဆောင်ရွက်ပေးရမည်။

(ဂဂ) ယင်းနောက် တင်သွင်းလာသည့် Container ၏ Line Seal နှင့်အတူ Import Metal Seal ခပ်နှိပ်၍ Release Order နှင့်အတူ ဆိပ်ကမ်းမှ ရှင်းလင်းထုတ်ပေးပြီး သက်ဆိုင်ရာကုမ္ပဏီ၏ ဂိုဒေါင်သို့ သယ်ယူခွင့်ပြုရမည်။

(ဃဃ) စစ်ဆေးရေးအဖွဲ့ဝင် (၃) ဦးသည် ရာထူးအဆင့်မတူညီပါက ရာထူးအဆင့် အမြင့်ဆုံးအရာရှိမှ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူရမည်ဖြစ်ပြီး ရာထူးအဆင့် တူညီနေပါက ကာကွယ်ရေးအရာရှိက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ရမည်။

(ငင) သက်ဆိုင်ရာ ကုမ္ပဏီ၏ ဂိုဒေါင်သို့ သွားရောက်စစ်ဆေးသည့် အကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် ကုမ္ပဏီ၏ဂိုဒေါင်သို့ ရောက်ရှိပြီးဖြစ်သည့် ကုန်သေတ္တာများ၏ Line Seal နှင့် Import Metal Seal များပျက်ယွင်းမှု ရှိ/မရှိ ဦးစွာစစ်ဆေးပြီးနောက် ကုန်သေတ္တာအား မျက်မြင်ဖွင့်ဖောက်၍ ပူးတွဲပါ စာရွက်စာတမ်းများနှင့် ကိုက်ညီမှန်ကန်မှု ရှိ / မရှိ တိုက်ဆိုင်စစ်ဆေးရမည်။

(စစ) မျက်မြင်ဖွင့်ဖောက် စစ်ဆေးချက်များအရ ကိုက်ညီမှန်ကန်မှုရှိပါက စစ်ဆေးတွေ့ရှိချက် Note Down ကို ရှင်းလင်းမှန်ကန်စွာ ရေးသား၍ စစ်ဆေးရေးအဖွဲ့ဝင်များမှ လက်မှတ်ရေးထိုးရမည်။ Note Down နှင့် ဓာတ်ပုံမှတ်တမ်းများကို File Folder ပြုလုပ်၍ သက်ဆိုင်ရာ ID No. ဖြင့် File name ပေးပြီး Data Warehouse စနစ်တွင် ထည့်သွင်းမှတ်တမ်းတင် ထားရှိနိုင်ရန် သက်ဆိုင်ရာ ဆိပ်ကမ်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ရမည်။

(ဆဆ) IL, ID ပါဖော်ပြထားချက်များနှင့် ကိုက်ညီမှန်ကန်မှုမရှိဘဲ တင်သွင်းလာကြောင်း စစ်ဆေးတွေ့ရှိပါက အကောက်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်၍ ဆက်လက်ဆောင်ရွက်ရမည်။

Scanned with CamScanner

၂။ CKD၊ SKD စနစ်ဖြင့် တင်သွင်းသည့် ကုမ္ပဏီများသည် CKD၊ SKD Parts များ အပြည့်အဝတင်သွင်းမှု ရှိ/မရှိ စစ်ဆေးမှုခံယူနိုင်ရန် စနစ်တကျပြီးပြည့်စုံသော လယ်ဂျာမှတ်ပုံတင် စာရင်းများ ပြုစုထားရှိရမည်။

၃။ CKD၊ SKD စနစ်ဖြင့် တင်သွင်းလာသည့် မော်တော်ယာဉ်အစိတ်အပိုင်းများအား သက်ဆိုင်ရာ ကုမ္ပဏီ၏ဂိုဒေါင်သို့ အကောက်ခွန်စစ်ဆေးရေးအဖွဲ့ဖြင့် သွားရောက်စစ်ဆေးရမည့် နယ်မြေဧရိယာသည် နောက်ဆက်တွဲ(က) ပါ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း တည်ရှိသည့် စက်မှုဇုန်များအတွင်းသာ ဖြစ်ရမည်။

၄။ ဤညွှန်ကြားလွှာသည် (၂၂-၁၀-၂၀၁၉) ရက်နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေ ရမည်ဖြစ်ပြီး (၉-၈-၂၀၁၉) ရက်စွဲပါစာအမှတ်၊ ၃၃ - ၀၀/ ၂၀၁၉ ( ၁၇၀၅ ) ဖြင့် ထုတ်ပြန်ခဲ့သည့် ရုံးတွင်းညွှန်ကြားလွှာ (၂၄/၂၀၁၉) အား ဤညွှန်ကြားလွှာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၂၂၊၁၀၊၂၀၁၉

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

လှမင်းထွေး၊ ညွှန်ကြားရေးမှူး(စီမံ)

စာအမှတ်၊ ၃၃-၀၀/၂၀၁၉ ( ၂၂၉၉ )

ရက်စွဲ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၂ ရက်

ဖြန့်ဝေခြင်း

ညွှန်ကြားရေးမှူးများ (ကာ၊ ထုတ်/သွင်း၊ နယ်၊ စစရ၊ ထောက်/ပို့၊ ဘဏ္ဍာ၊ MACCS)

ဒုတိယညွှန်ကြားရေးမှူးများ (ကာ၊ ထုတ်/သွင်း၊ နယ်၊ စစရ၊ စီမံ၊ ထောက်/ပို့၊ ဘဏ္ဍာ၊ MACCS)

ပြည်နယ်/ တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာနမှူးများ

မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးများ

အထူးစီးပွားရေးဇုန်များ (သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်)

OSS စခန်းများ (မူဆယ်၊ မြဝတီ)

အမြဲတမ်းစစ်ဆေးရေးစခန်းများ (ရေပူ၊ မရမ်းချောင်)

ဌာနခွဲများအားလုံး

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)

မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်သူများအသင်း(MCBA)

Scanned with CamScanner

မိတ္တူကို

ဒုတိယညွှန်ကြားရေးမှူးချုပ် (၁)၊ (၂)
စီမံစိတ် (အပို ၅ စောင်)
ဝန်ကြီးရုံးလုပ်ငန်းဌာနစိတ်(အပို ၃ စောင်)
ဥပဒေရေးရာဌာနစု
ကြော်ငြာသင်ပုန်း
ရုံးလက်ခံ
မျှောစာတွဲ

Scanned with CamScanner

နောက်ဆက်တွဲ(က)

၁။ လှိုင်သာယာစက်မှုဇုန်(၁) ၊ (၂) ၊ (၄) ၊ (၆) ၊ ရွှေလင်ဗန်းစက်မှုဇုန်၊ ရွှေသံလွင်စက်မှုဇုန်၊ ငွေပင်လယ်စက်မှုဇုန်၊ အနော်ရထာစက်မှုဇုန်၊ မြစိမ်းရောင်စက်မှုဇုန်

၂။ ရွှေပြည်သာစက်မှုဇုန်(၁)၊ (၂)၊ (၃) နှင့် သာဓုကန်စက်မှုဇုန်

၃။ တောင်ဒဂုံစက်မှုဇုန်(၁)၊ (၂)၊ (၃) နှင့် ၂၃ တိုးချဲ့စက်မှုဇုန်

၄။ ဒဂုံဆိပ်ကမ်းစက်မှုဇုန်(၁)၊ (၂) နှင့် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စက်မှုဇုန်

၅။ ဒဂုံအရှေ့စက်မှုဇုန် (၁)၊ (၂)

၆။ ဒဂုံမြောက်စက်မှုလက်မှုဇုန်

၇။ မင်္ဂလာဒုံစက်မှုဇုန်

၈။ မြောက်ဥက္ကလာပစက်မှုဇုန်

၉။ သာကေတစက်မှုဇုန်

၁၀။ တောင်ဥက္ကလာပစက်မှုဇုန်

Scanned with CamScanner